ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့




# ၂၀၁၈ ခုနှစ် မတ်လအတွင်း

# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

၂၀၁၈ ခုနှစ် ဧပြီလ

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် မတ်လအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် မတ်လ**အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၅၀.၅၂ ၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၂၃.၀၅ နှင့် **အုပ်စုအားလုံးအတွက် ၁၃၉.၁၁** ရှိပါသည်။ **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၏** အခြေအနေမှာ ၁၃၉.၅၁ ရှိခဲ့ပြီး၊ **၂၀၁၈ ခုနှစ် မတ်လ**နှင့် နှိုင်းယှဉ်ပါက ၀.၂၈% ကျဆင်းလာပါသည်။ Core Inflation တွက်ချက်ရန် လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၁၈.၈၃** ဖြစ်ရာ **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၏** Core CPI ဖြစ်သည့် **၁၁၈.၃၆** နှင့် နှိုင်းယှဉ်ပါက ၀.၄၀% မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၈ ခုနှစ် မတ်လ** ၏ စားသုံးသူဈေးဆနှုန်းမှာ **၁၃၉.၁၁** ဖြစ်သဖြင့် **၂၀၁၇ ခုနှစ် မတ်လ၏** အခြေအနေ **၁၃၁.၉၆** နှင့် နှိုင်းယှဉ်ပါက **၅.၄၂%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် မတ်လ ၏ Core CPI မှာ ၁၁၈.၈၃ ဖြစ်ရာ ၂၀၁၇ ခုနှစ် မတ်လ ၏** Core CPI အခြေအနေ **၁၁၃.၅၀** နှင့် နှိုင်းယှဉ်ပါက **၄.၆၉%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် မတ်လတွင် အစားအစာအုပ်စု(Food)** ၏ ဈေးဆနှုန်းမှာ **၁၅၀.၅၂** ဖြစ်သဖြင့် ယခင်လကထက် **၀.၄၅%** ကျဆင်းလာပါသည်။ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်(ဧည့်မထ)၊ မြေပဲဆီ နှင့် အသားငါးဈေးနှုန်းများ မြင့်တက်လာသော်လည်း၊ စားအုန်းဆီ နှင့် ကြက်ဥဈေးနှုန်းများ၊ အခြားမီးဖိုချောင်သုံး ကုန်ပစ္စည်းဖြစ်သည့် ကုလားပဲခြမ်း၊ စားတော်ပဲ၊ ပဲနီလေး၊ ထောပတ်ပဲ၊ ပဲကြား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ သကြား၊ ကြံသကာ ဈေးနှုန်းများ ကျဆင်းနေပါသည်။ ထို့ပြင် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ ဖြစ်သော သဘော်သီး၊ သရက်သီး၊ ရှောက်သီး၊ ကန်စွန်းရွက်၊ ဘူးသီး၊ ခရမ်းသီး၊ ဂေါ်ဖီနှင့် ခရမ်းချဉ်သီး ဈေးနှုန်းများလည်း သိသိသာသာကျဆင်းနေသည်ကိုတွေ့ရှိရပါသည်။

၄။ **၂၀၁၈ ခုနှစ် မတ်လတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆန္ဒနှုန်းမှာ **၁၂၃.၀၅** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိပါသည်။ ယင်းအုပ်စုအတွင်းရှိ သယ်ယူပို့ဆောင်ရေးအုပ်စုတွင်ပါဝင်သော ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် မော်တော်ကားဈေးနှုန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုအုပ်စုများတွင်ပါဝင်သည့် ကွမ်းသီး၊ ကွမ်းရွက်နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများ၊ ရွှေထည်ပစ္စည်းဈေးနှုန်းများ၊ တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများ ကျဆင်းလာခဲ့သော်လည်း၊ အမျိုးသမီး/ အမျိုးသားဝတ်လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသမီးဝတ်အင်္ကျီ၊ အမျိုးသမီးအင်္ကျီချုပ်ခများ၊ ဖိနပ်များ၊ ကုတင်၊ မီးရို၊ အိမ်ပြုပြင်စရိတ်၊ ဆေးဈေးနှုန်းနှင့် ဆေးကုသစရိတ်များ၊ ရေခဲသေတ္တာနှင့် အိမ်ဆောက်ပစ္စည်းများစသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။

၅။ **၂၀၁၈ ခုနှစ် မတ်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၄.၀၃%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၃.၈၃%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(ဒေါက်တာဝါဝါမောင်)

ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်












## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် မတ်လ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၈ ခုနှစ် မတ်လ** | |
| | **စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၇ ခုနှစ် မတ်လ နှင့် ၂၀၁၈ ခုနှစ် မတ်လ** | |
| | **စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၆ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၆ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၁၀ |
| | **အပိုင်း(ဂ)** | |
| | **စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၁၃ |
| ၂ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၃ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၅ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၉ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၈ ခုနှစ် မတ်လ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

**၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် မတ်လအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၁၁ ဖြစ်ရာ လွန်ခဲ့သော ဖေဖော်ဝါရီလ အခြေအနေ ၁၃၉.၅၁ နှင့် နှိုင်းယှဉ်ပါက ၀.၂၈% ကျဆင်းလာပါသည်။ အဓိက အားဖြင့် ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု ဈေးနှုန်းမှာ သိသာစွာ ကျဆင်းခဲ့သော်လည်း၊ အစား အစာအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုဈေးနှုန်းများမှာ အနည်းငယ် သာကျဆင်းလာခဲ့ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မတ်လအထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၀၃% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အခြေအနေ ၄.၁၆% နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂၀၁၈ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများ ကိုဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနှုန်းသည် လွန်ခဲ့သောလကထက် ၀.၄၅% ကျဆင်းလာ ပါသည်။ ယခုလတွင် ဧည့်မထဆန် ၀.၆၆%၊ မြေပဲဆီ ၀.၅၀%၊ ကြက်သား ၁.၆၈%၊ ဝက်သား ၁.၃၄%၊ အမဲသား ၀.၉၄ %၊ ငါးခူ ၃.၅၈%၊ ငါးရံ့ ၂.၆၈%၊ ပုစွန်ခြောက် ၁.၃၆ % နှင့် ရေကျိုငါးပိ ၁.၈၅% ဈေးနှုန်းများ အသီးသီး မြင့်တက် လာသော်လည်း၊ စားအုန်းဆီ ၀.၂၉%၊ ဘဲဥ ၀.၀၅% နှင့် ကြက်ဥ ၀.၀၄% ဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ကုလားပဲခြမ်း၊ ပဲနီလေး၊ ပဲကြားနှင့် စားတော်ပဲဈေးနှုန်းများ သိသိသာသာ

ကျဆင်းလာပါသည်။ ထို့အပြင် အဖျော်ယမကာပစ္စည်းများဖြစ်သော သကြား၊ ထန်းလျက်ဈေးနှုန်းများလည်း ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

ဟင်းသီးဟင်းရွက်များတွင် ကန်စွန်းရွက်၊ ဂေါ်ဖီ၊ ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီးဈေးနှုန်းများ၊ အသီးအနှံများဖြစ်သော သဘော်သီး၊ သရက်သီး၊ ရှောက်သီး စသည့် ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် မတ်လ၌ ၁၅၄.၇၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၆၅.၁၂ ဖြစ်သောကြောင့် ၆.၂၉% ကျဆင်းလာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများအနက် ကွမ်းရွက် နှင့် ကွမ်းသီး(အခြမ်း/ အလုံး) ဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းလာခဲ့သော်လည်း၊ ဆေးပေါ့လိပ် ဈေးနှုန်းမှာမူ အနည်းငယ်သာ ကျဆင်းလာခဲ့ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် မတ်လ၌ ၁၁၈.၈၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၈.၄၉ ဖြစ်သောကြောင့် ၀.၂၉% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီး/ အမျိုးသားဝတ် လုံချည်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသမီးဝတ်အင်္ကျီ၊ အမျိုးသမီးအင်္ကျီချုပ်ခနှင့် ဖိနပ်ဈေးနှုန်းများ အနည်းငယ်သာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် မတ်လ၌ ၁၄၅.၅၂ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၃.၂၅ ဖြစ်သောကြောင့် ၁.၅၈% မြင့်တက်လာပါသည်။ ဤအုပ်စု တွင်ပါဝင်သော ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ ဘိလပ်မြေ၊ အုတ်၊ ရေဖိုး၊ ထင်း၊ မီးသွေး ဈေးနှုန်းများနှင့် အိမ်ပြုပြင်စရိတ်မှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာ သည်ကို တွေ့ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၁၇.၅၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၀၂ ဖြစ်သောကြောင့် ၀.၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုတင်၊ ဗီရို၊ သင်ဖြူးဖျာ၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင် နှင့် အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သော ဖယောင်းပုဆိုး၊ ရေခဲသေတ္တာ၊ သောက်ရေအိုး၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်နှင့် အိမ်အကူခ ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၃၉.၃၂ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၃၇.၁၀ ဖြစ်သောကြောင့် ၁.၆၂% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော ရိုးရိုးဆေးကုသခ၊ အထွေထွေစမ်းသပ်ခ၊ အထွေထွေ ဆေးကုသခ၊ အထူးဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခနှင့် အားဆေး ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၀၃.၆၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၅.၁၁ ဖြစ်သောကြောင့် ၁.၄၁% ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ဓာတ်ဆီ တစ်ဂါလံလျှင် ၃၉၈၅.၆၁ ကျပ်မှ ၃၈၁၄.၉၂ ကျပ်သို့လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလံလျှင် ၃၈၉၅.၉၂ ကျပ်မှ ၃၈၁၆.၂၃ ကျပ်သို့လည်းကောင်း ဈေးနှုန်းများ အသီးသီးကျဆင်းလာပါသည်။ အလားတူ မော်တော်ကားဈေးနှုန်းများလည်း ကျဆင်းလာခဲ့ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၀၂.၅၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၆၅ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်း

လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများ မှာ အနည်းငယ်သာ ကျဆင်းလာသောကြောင့်ဖြစ်ပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၀၆.၂၂ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၆.၁၁ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကွန်ပျူတာဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်ခဲ့သော်လည်း ကျန်ကုန်ပစ္စည်းဈေးနှုန်းများမှာမူ အပြောင်းအလဲနည်းပါးခဲ့ကြောင်းတွေ့ရှိရပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၂၂.၆၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၆၇ ဖြစ်သောကြောင့် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ပြောင်းလဲခြင်းမရှိသောကြောင့်ဖြစ်ပါသည်။

**(ဋ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၂၃.၀၆ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၁.၉၉ ဖြစ်သောကြောင့် ၀.၈၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ အသုပ်စုံနှင့် လက်ဖက်အကြော်စုံဈေးနှုန်းများ မြင့်တက်လာခဲ့သောကြောင့် ဖြစ်ပါသည်။

**(ဌ) အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၂၅.၀၀ ရှိ၍၊ ယခင် လ၏ ဈေးဆနှုန်းမှာ ၁၂၄.၉၁ ဖြစ်သောကြောင့် ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော လက်ဝတ်ရတနာနှင့် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ကျဆင်းလာခဲ့သော်လည်း၊ ထီး၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေးနှင့် မိတ်ကပ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

**(၃) အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၂၃.၀၅ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒုန်းမှာ ၁၂၃.၀၅ ဖြစ်သောကြောင့် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၇ ခုနှစ် မတ်လ နှင့် ၂၀၁၈ ခုနှစ် မတ်လ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၈ ခုနှစ် မတ်လ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၁၁ဖြစ်ရာ လွန်ခဲ့သော ၂၀၁၇ ခုနှစ် မတ်လ အခြေအနေ ၁၃၁.၉၆ နှင့် နှိုင်းယှဉ်ပါက ၅.၄၂% မြင့်တက်လာပါသည်။ အုပ်စု အားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ် ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မတ်လအထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၀၃%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၇ ခုနှစ် မတ်လ အခြေအနေ **၇.၀၀%** နှင့် နှိုင်းယှဉ်ပါက သိသိသာသာ ကျဆင်း လာသည်ကို တွေ့ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆနှုန်းသည် ယခင်နှစ်အလားတူကာလကထက် ၅.၄၂% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလက ထက် ၅.၇၄% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၃.၁၆%၊ နှမ်းဆီ ၃.၃၀%၊ ဝက်သား ၇.၃၀%၊ အမဲသား ၁.၈၄%၊ ငါးခူ ၄.၈၂%၊ ငါးရံ့ ၁.၉၆%၊ ငါးမြစ်ချင်း ၃.၃၄%၊ ပုစွန်ခြောက် ၆.၄၃%၊ ငါးရံ့ခြောက် ၄.၃၂% နှင့် ရေကျိုငါးပိ ၂.၆၂% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော် စားအုန်းဆီ ၃.၉၄%၊ ကြက်သား ၃.၂၃% နှင့် ကြက်ဥ ၄.၇၀% ဖြင့် ဈေးနှုန်းများ အသီးသီး ကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင် သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၃၉.၉၀%၊ ကုလားပဲခြမ်း ၁၁.၆၉%၊ အာလူး ၂၀.၈၆% ဖြင့်သိသိသာသာ ကျဆင်းလာသော်လည်း၊ ကြက်သွန်နီဈေးနှုန်းမှာမူ ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ၂၈.၀၇% ဖြင့် မြင့်တက်နေဆဲရှိသည်ကို

တွေ့ရှိရပါသည်။ ဟင်းသီးဟင်းရွက်တွင် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁.၁၇% ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ ၌ ၁၅၄.၇၃ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၉.၅၄ ဖြစ်သောကြောင့် ၁၉.၄၅% ဖြင့် သိသာစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက်နှင့်ဘီယာ ( ပြည်တွင်း/ ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်( ပြည်တွင်း/ ပြည်ပ)၊ ကွမ်းသီးနှင့်ကွမ်းရွက် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၁၈.၈၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၆.၇၉ ဖြစ်သောကြောင့် ၁.၇၅% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ ဆွယ်တာ၊ သားရေဖိနပ်၊ မိုးကာနှင့် အမျိုးသမီးစက်ချုပ်ခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၄၅.၅၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၅.၀၇ ဖြစ်သောကြောင့် ၇.၇၃% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ပြင်ခ၊ ဂတ်(စ်)ငွေ့၊ ရေခွန်နှင့် ရေဖိုးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၁၇.၅၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၃.၈၄ ဖြစ်သောကြောင့် ၃.၂၄% မြင့်တက်ခဲ့ပါသည်။

ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၃၉.၃၂ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၂.၂၃ ဖြစ်သောကြောင့် ၅.၃၆% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၀၃.၆၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၈.၀၅ ဖြစ်သောကြောင့် ၅.၆၈% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၃၆၉.၇၅ ကျပ်ရှိရာမှ ယခုနှစ်တွင် ၃၈၁၆.၂၃ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၄၅၆.၂၄ ကျပ်ရှိရာ မှ ၃၈၁၄.၉၂ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ (မြို့တွင်း/ ခရီးဝေး)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ ၌ ၁၀၂.၅၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၃.၈၈ ဖြစ်သောကြောင့် ၉.၂၅% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းဖုန်းခေါ်ဆိုခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ ၌ ၁၀၆.၂၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၅.၂၉ ဖြစ်သောကြောင့် ၀.၈၈% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ် နှင့် ဗလာစာအုပ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့် အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ ၌ ၁၂၂.၆၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၂.၂၄ ဖြစ်သောကြောင့် ၀.၃၅% မြင့်တက်လာခဲ့ ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ ၌ ၁၂၃.၀၆ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၁.၃၀ ဖြစ်သောကြောင့် ၁၀.၅၇%ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ ၌ ၁၂၅.၀၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၁.၁၆ ဖြစ်သောကြောင့် ၃.၁၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်ကထက် ဈေးနှုန်းများ မြင့်တက်လာခဲ့သည့်အပြင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာလည်း ၅.၅၂% ဖြင့် သိသာစွာမြင့်တက်ခဲ့၍ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် မတ်လ၌ ၁၂၃.၀၅ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၁၅.၅၆ ဖြစ်သောကြောင့် ၆.၄၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၈ ခုနှစ် မတ်လတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်၊ ယခင်လများနှင့် နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ နွေစပါးအသစ်ပေါ်ချိန်ဖြစ်သော်လည်း၊ ဆန်ဟောင်းများ ဈေးကွက်တွင် ရှားပါးလာ ပြီး၊ ဆန်ဟောင်းဈေးနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရမှ စပါးတစ်တင်းလျှင်အနည်းဆုံးဈေး ၅၀၀၀/- ကျပ် သတ်မှတ်လိုက်သည့် အတွက် စပါးဈေးနှုန်းများမြင့်နေ၍ ဆန်ဈေးနှုန်းများမြင့်နေကြောင်း တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီဈေးနှုန်းများမှာ ယခင်လ ကထက် အနည်းငယ်မြင့်တက်လာပြီး၊ စားအုန်းဆီဈေးနှုန်းမှာ အနည်းငယ် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၀.၆၀ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၆၂၃.၀၈ ဖြစ်သဖြင့် ယခင်လကထက် ၂.၇၃% ကျဆင်းနေသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာလည်း အနည်းငယ် ကျဆင်းလာပါသည်။

(ဂ) အသား၊ ငါးနှင့်ဥအုပ်စုတွင်ပါ ဝင်သော ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါးခူ၊ ငါးရံ့၊ ငါးရံ့ခြောက်နှင့် ပုစွန်ခြောက်ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ပွဲလင်းရာသီဖြစ်ခြင်းကြောင့်လည်းကောင်း၊

အလုပ်အကိုင်အတန်းပြုလုပ်သူ များပြားလာခြင်းတို့ကြောင့် အသားငါး ဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက သီးနှံအသစ်ထွက်ပေါ်ချိန်ဖြစ်သောကြောင့် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လကထက် သိသိသာသာ ပြန်လည်ကျဆင်းလာပါသည်။ စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်း၊ စားတော်ပဲ၊ ပဲနီလေး၊ အာလူးနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိပါသည်။ ဈေးကွက်တွင် ကြက်သွန်နီ(အသစ်)များ ဝင်ရောက်မှုများပြားလာသောကြောင့် ကြက်သွန်နီ ဈေးနှုန်းမှာ ဆက်လက် ကျဆင်းလျက်ရှိပါသည်။ နွေရာသီ၌ ကွမ်းရွက်အထွက်နှုန်း များပြားလာသောကြောင့် ကွမ်းရွက်ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၈၂၆၃၉.၈၆ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၃၂% ကျဆင်းခဲ့ပြီး၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၅.၅၂% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၃၃၉.၂၅ ရှိရာ မှ ၁၃၂၅.၅၉ သို့ ပြန်လည်ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာခဲ့သောကြောင့် မြန်မာရွှေဈေးနှုန်းမှာလည်း လိုက်ပါကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

(စ) ၂၀၁၈ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်တွင်းလောင်စာဆီဈေးနှုန်းတွင် ဒီဇယ်ဆီဈေးနှုန်းနှင့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် အနည်းငယ် ကျဆင်းလာသော်လည်း ပြည်ပမှ တင်သွင်းသော လောင်စာ ဆီဈေးနှုန်းများမှာ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၇၇.၁၁ မှ ၇၇.၈၂ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၇၃.၇၄ မှ ၇၄.၂၆ သို့ လည်းကောင်းအသီးသီး မြင့်တက်နေပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများမှာ မြင့်တက်နေသော်လည်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းလာသောကြောင့် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများ ကျဆင်းနေရခြင်း ဖြစ်ပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် သယ်ယူပို့ဆောင်စရိတ်မြင့်တက်ခြင်းစသည့် အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သောတစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၇ခုနှစ် မတ်လတွင် ၁၃၁.၉၆ စ၍ တဖြည်းဖြည်းမြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ တွင် ၁၃၉.၅၁ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် မတ်လတွင် အစားအစာအုပ်စု၊ ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စုဈေးဆနှုန်းများ ကျဆင်းလာခဲ့သောကြောင့် စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၁၁ သို့ကျဆင်းခဲ့ ကြောင်း တွေ့ရပါသည်။

(ခ) ၂၀၁၈ ခုနှစ် မတ်လတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်ထောင်စု နယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် ယခင်လကထက် ကျဆင်းလာသော်လည်း၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ပဲခူးတိုင်းဒေသကြီးတွင်မူ အနည်းငယ်သာပြောင်းလဲမှု ရှိခဲ့ပါသည်။

### ၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအထိ) ကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ကို လေ့လာပါက ၂၀၁၇ ခုနှစ် မတ်လတွင် ၇.၀၀% ရှိရာမှ ဧပြီလမှစ၍ ပြန်လည် ကျဆင်းလာရာ ဇူလိုင်လတွင် ၂.၃၀% ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ဩဂုတ်လ မှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ၅.၂၃% ဖြစ်ပေါ်ခဲ့

ပါသည်။ သို့သော် ဖေဖော်ဝါရီလတွင် ၅.၁၁% သို့ ကျဆင်းရာမှ မတ်လတွင် ၅.၄၂% သို့ ပြန်လည်မြင့်တက်လာကြောင်းတွေ့ရပါသည်။

(ခ) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မတ်လ အထိ တစ်နှစ်ပျမ်းမျှ ၄.၀၃% ရှိ၍ ဖေဖော်ဝါရီလအထိ တစ်နှစ်ပျမ်းမျှ ၄.၁၆% နှင့် နှိုင်းယှဉ်ပါက ၀.၁၃% ပြန်လည်ကျဆင်းလာပါကြောင်းနှင့် ၂၀၁၈ ခုနှစ် မတ်လ နှင့် ၂၀၁၇ ခုနှစ် မတ်လတို့၏ နှစ်အလိုက်ပြောင်းလဲမှုကို နှိုင်းယှဉ်ပါက (Year on Year Inflation) မှာ ၅.၄၂% ဖြစ်သည့်အတွက် ယခင်လကထက် ရာခိုင်နှုန်း အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်း တွေ့ရပါသည်။




(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် မတ်လအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၈.၂၄% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ မန္တလေးမြို့တွင် ၇.၂၆% ဖြင့် ဒုတိယအမြင့်ဆုံး၊ ကချင်ပြည်နယ်တွင် ၅.၂၇% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၀.၇၃% ဖြင့် ပြောင်းလဲမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ချင်းပြည်နယ်တွင် ၂.၀၉% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

# ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် မတ်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မတ်လ | ဖေဖော်ဝါရီလ | မတ်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန္ဒနှုန်း** | **၁၀၀.၀၀** | **၁၃၁.၉၆** | **၁၃၉.၅၁** | **၁၃၉.၁၁** | **-၀.၂၈** | **၅.၄၂** | **၄.၀၃** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၃.၅၉** | **၁၅၁.၂၀** | **၁၅၀.၅၂** | **-၀.၄၅** | **၄.၈၃** | **၃.၃၀** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၂၉.၅၄ | ၁၆၅.၁၂ | ၁၅၄.၇၃ | -၆.၂၉ | ၁၉.၄၅ | ၉.၃၁ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၆.၇၉ | ၁၁၈.၄၉ | ၁၁၈.၈၃ | ၀.၂၉ | ၁.၇၅ | ၁.၆၆ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၅.၀၇ | ၁၄၃.၂၅ | ၁၄၅.၅၂ | ၁.၅၈ | ၇.၇၃ | ၅.၁၂ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၃.၈၄ | ၁၁၇.၀၂ | ၁၁၇.၅၃ | ၀.၄၄ | ၃.၂၄ | ၂.၁၁ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၂.၂၃ | ၁၃၇.၁၀ | ၁၃၉.၃၂ | ၁.၆၂ | ၅.၃၆ | ၄.၃၅ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၉၈.၀၅ | ၁၀၅.၁၁ | ၁၀၃.၆၃ | -၁.၄၁ | ၅.၆၈ | ၉.၉၂ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၃.၈၈ | ၁၀၂.၆၅ | ၁၀၂.၅၇ | -၀.၀၈ | ၉.၂၅ | ၆.၂၃ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၂၉ | ၁၀၆.၁၁ | ၁၀၆.၂၂ | ၀.၁၀ | ၀.၈၈ | ၀.၇၄ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၂၄ | ၁၂၂.၆၇ | ၁၂၂.၆၇ | ၀.၀၀ | ၀.၃၅ | ၀.၅၅ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၁.၃၀ | ၁၂၀.၉၉ | ၁၂၃.၀၆ | ၀.၈၈ | ၁၀.၅၇ | ၄.၉၆ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၀.၁၆ | ၁၂၄.၉၀ | ၁၂၅.၀၀ | ၀.၀၇ | ၃.၁၇ | ၄.၃၉ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၅.၅၆** | **၁၂၃.၀၅** | **၁၂၃.၀၅** | **-၀.၀၀၃** | **၆.၄၈** | **၅.၃၅** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန္ဒနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၃.၅၀** | **၁၁၈.၃၆** | **၁၁၈.၈၃** | **၀.၄၀** | ***၄.၆၉** | ***၃.၈၃** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် မတ်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | မတ်လ | ဖေဖော်ဝါရီလ | မတ်လ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၈.၁၉ | ၁၄၈.၆၁ | ၁၄၄.၉၄ | -၂.၄၇ | ၄.၈၈ | ၅.၂၇ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၀.၄၉ | ၁၄၅.၇၇ | ၁၄၆.၇၆ | ၀.၆၇ | ၄.၄၆ | ၄.၂၁ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၁၉.၅၁ | ၁၂၆.၇၁ | ၁၂၅.၃၄ | -၁.၀၈ | ၄.၈၈ | ၃.၇၉ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၀.၂၆ | ၁၈၄.၅၀ | ၁၈၄.၀၃ | -၀.၂၅ | ၂.၀၉ | ၂.၆၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၂၉.၉၇ | ၁၃၆.၂၇ | ၁၃၄.၉၆ | -၀.၉၆ | ၃.၈၄ | ၂.၇၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၉.၄၁ | ၁၂၄.၇၅ | ၁၂၄.၁၅ | -၀.၄၈ | ၃.၉၇ | ၄.၇၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၂၉.၈၈ | ၁၃၅.၅၃ | ၁၃၅.၅၇ | ၀.၀၃ | ၄.၃၈ | ၃.၈၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၁.၅၄ | ၁၄၀.၁၁ | ၁၄၀.၇၇ | ၀.၄၇ | ၇.၀၂ | ၃.၄၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၇.၃၉ | ၁၃၄.၉၇ | ၁၃၃.၈၀ | -၀.၈၇ | ၅.၀၃ | ၃.၅၈ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၄.၂၂ | ၁၂၉.၈၂ | ၁၂၉.၆၀ | -၀.၁၇ | ၄.၃၃ | ၄.၅၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၅၇.၅၆ | ၁၇၄.၇၂ | ၁၇၄.၃၁ | -၀.၂၃ | ၁၀.၆၃ | ၈.၂၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၇.၆၅ | ၁၃၂.၄၉ | ၁၃၂.၆၀ | ၀.၀၉ | ၃.၈၈ | ၂.၉၇ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၁.၁၈ | ၁၄၉.၉၃ | ၁၅၁.၈၆ | ၁.၂၉ | ၇.၅၇ | ၄.၇၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၂.၂၉ | ၁၄၁.၃၁ | ၁၄၀.၃၇ | -၀.၆၇ | ၆.၁၁ | ၄.၈၄ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၄.၁၈ | ၁၂၈.၈၉ | ၁၂၇.၀၄ | -၁.၄၃ | ၂.၃၀ | ၀.၅၅ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၄.၅၇ | ၁၄၀.၁၂ | ၁၃၉.၈၆ | -၀.၁၈ | ၃.၉၃ | ၃.၁၂ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၁၉.၉၇ | ၁၃၃.၂၀ | ၁၃၂.၈၅ | -၀.၂၆ | ၁၀.၇၃ | ၇.၂၆ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၀.၇၅ | ၁၂၉.၈၂ | ၁၂၉.၁၄ | -၀.၅၃ | ၆.၉၅ | ၃.၄၉ |
| **တစ်နိုင်ငံလုံး** | | **၁၀၀.၀၀** | **၁၃၁.၉၆** | **၁၃၉.၅၁** | **၁၃၉.၁၁** | **-၀.၂၈** | **၅.၄၂** | **၄.၀၃** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် မတ်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (ကျပ်) | ၂၀၁၈ ခုနှစ် မတ်လ (ကျပ်) | ၂၀၁၇ ခုနှစ် မတ်လ (ကျပ်) | ယခင်လ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည့် % | ယခင်နှစ် အလားတူလ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၃၇၂.၆၉ | ၁၃၈၁.၇၃ | ၁၃၀၆.၆၈ | ၀.၆၆ | ၅.၇၄ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၃၄၄.၇၁ | ၅၃၇၁.၅၆ | ၅၂၀၆.၈၅ | ၀.၅၀ | ၃.၁၆ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၇၅၇.၉၈ | ၅၇၅၇.၉၈ | ၅၅၇၃.၆၀ | ၀.၀၀ | ၃.၃၁ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၀၃.၈၄ | ၂၀၉၇.၆၉ | ၂၁၈၃.၆၂ | -၀.၂၉ | -၃.၉၄ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၇၅၉.၉၂ | ၆၈၇၃.၄၈ | ၇၁၀၃.၁၀ | ၁.၆၈ | -၃.၂၃ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၀၁၄.၆၈ | ၉၁၃၅.၅၉ | ၈၅၁၃.၇၀ | ၁.၃၄ | ၇.၃၀ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၆၂၀.၂၃ | ၁၀၇၂၀.၆၀ | ၁၀၅၂၈.၁၇ | ၀.၉၄ | ၁.၈၄ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၁၁.၂၁ | ၁၆၁၀.၃၄ | ၁၆၀၉.၅၇ | -၀.၀၅ | ၀.၀၅ |
| ၉ | ကြက်ဥ | ။ | ။ | ၁၁၆၆.၄၀ | ၁၁၆၅.၉၄ | ၁၂၂၃.၃၉ | -၀.၀၄ | -၄.၇၀ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၃၈၃.၉၈ | ၇၆၄၈.၆၂ | ၇၂၉၇.၂၁ | ၃.၅၈ | ၄.၈၂ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၆၂၉.၅၃ | ၇၈၃၄.၀၂ | ၇၆၈၃.၆၀ | ၂.၆၈ | ၁.၉၆ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၀၀.၂၇ | ၄၅၃၂.၄၄ | ၄၃၈၅.၉၇ | ၀.၄၉ | ၃.၃၄ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၈၀၉၉.၅၇ | ၂၈၅၈၂.၆၃ | ၂၆၈၅၆.၂၂ | ၁.၃၆ | ၆.၄၃ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၇၅၇၀.၅၉ | ၂၇၆၆၇.၀၀ | ၂၆၅၂၀.၇၈ | ၀.၃၅ | ၄.၃၂ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၂၀၃.၁၀ | ၃၂၆၂.၃၉ | ၃၁၇၉.၀၂ | ၁.၈၅ | ၂.၆၂ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၁၂၀.၈၅ | ၉၅၁.၈၈ | ၉၆၃.၁၄ | -၁၅.၁၅ | -၁.၁၇ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၉၈၂.၅၆ | ၂၈၅၉.၀၄ | ၃၂၃၇.၅၅ | -၄.၁၄ | -၁၁.၆၉ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၇၂.၃၈ | ၁၀၁၉.၆၈ | ၁၂၈၈.၄၆ | -၄.၉၁ | -၂၀.၈၆ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၈၆၅.၈၅ | ၃၄၈၂.၂၁ | ၅၇၉၄.၃၀ | -၉.၉၂ | -၃၉.၉၀ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၂၄၈၈.၀၀ | ၁၈၄၄.၀၅ | ၁၄၃၉.၉၂ | -၂၅.၈၈ | ၂၈.၀၇ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၇၀၂.၉၄ | ၄၇၃၀.၀၈ | ၄၆၂၃.၅၇ | ၀.၃၈ | ၂.၃၃ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၃၅.၃၁ | ၅၀၃၇.၀၅ | ၅၀၃၃.၅၅ | ၀.၀၃ | ၀.၀၇ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၈၅၅၀၇.၀၅ | ၈၈၂၆၃၉.၈၆ | ၈၃၆၄၅၉.၇၃ | -၀.၃၂ | ၅.၅၂ |
| ၂၄ | ထင်း | | ပိဿာ | ၃၀၅.၆၁ | ၃၁၈.၂၅ | ၂၈၉.၀၃ | ၄.၁၄ | ၁၀.၁၁ |
| ၂၅ | မီးသွေး | | ။ | ၆၁၁.၁၅ | ၆၂၀.၁၃ | ၅၇၅.၄၆ | ၁.၄၇ | ၇.၇၆ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၇.၈၉ | ၄၀၈.၉၅ | ၄၀၀.၄၄ | ၀.၂၆ | ၂.၁၃ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၂၅.၄၃ | ၁၀၂၅.၄၃ | ၉၀၃.၁၈ | ၀.၀၀ | ၁၃.၅၄ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၈၉၅.၉၂ | ၃၈၁၆.၂၃ | ၃၃၆၉.၇၅ | -၂.၀၅ | ၁၃.၂၅ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၉၈၅.၆၁ | ၃၈၁၄.၉၂ | ၃၄၅၆.၂၄ | -၄.၂၈ | ၁၀.၃၈ |

# ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | | | ၂၀၁၈ခုနှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
| စားသုံးသူဈေးဆနှုန်း(CPI) | ၁၃၁.၉၆ | ၁၃၂.၀၇ | ၁၃၂.၄၂ | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁၃၈.၂၉ | ၁၃၉.၃၄ | ၁၃၉.၅၁ | ၁၃၉.၁၁ |
| စားသုံးသူဈေးဆနှုန်း(Core CPI) | ၁၁၃.၅၀ | ၁၁၃.၆၄ | ၁၁၃.၇၁ | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ | ၁၁၅.၇၇ | ၁၁၆.၄၃ | ၁၁၆.၇၇ | ၁၁၇.၆၈ | ၁၁၈.၃၆ | ၁၁၈.၈၃ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | | | ၂၀၁၈ ခုနှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၇.၀၀ | ၄.၇၄ | ၃.၉၀ | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ | ၄.၀၀ | ၄.၄၇ | ၄.၄၅ | ၅.၂၃ | ၅.၁၁ | ၅.၄၂ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၃.၁၆ | ၃.၂၀ | ၂.၉၀ | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ | ၄.၀၁ | ၄.၁၆ | ၃.၄၁ | ၄.၂၇ | ၄.၈၅ | ၄.၆၉ |